SHAN
HUMAN RIGHTS FOUNDATION
www.shanhumanrights.org shanhumanrightsfoundation@gmail.com

## ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ နောက်ဆုံးရ လူ့အခွင့်အရေး ချိုးဖေါက်မှုထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ် ဩဂုတ်လ ၆ ရက်**

### ၂၀၂၄ ဇူလိုင်လတွင် သိန္နီမြို့၌ စစ်ကောင်စီ၏ လက်တုံ့ပြန်သည့် လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား ၁၃ဦးသေဆုံးပြီး ၂၄ ဦးဒဏ်ရာရကာ အဆောက်အဦး ၄၀ကျော်ပျက်စီးခဲ့

၂၀၂၄ ခုနှစ်ဇူလိုင်လအတွင်း သိန္နီမြို့နယ်၌ MNDAA ကိုးကန့်တပ်ဖွဲ့၏ လားရှိုးမြို့ကိုပြန်လည်ထိုးစစ်ဆင်ခြင်း အား လက်တုံ့ပြန်သည့် စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား ၁၃ဦးသေဆုံးကာ၊၂၄ ဦးဒဏ် ရာ ရပြီး စာသင်ကျောင်း ၃ကျောင်း အပါအဝင် အဆောက်အဦး ၄၀ နီးပါးပျက်စီးခဲ့သည်။ ၁၀၂၇ စစ်ဆင်ရေးအတွင်း MNDAA တပ်ဖွဲ့မှ သိန္နီမြို့ကိုထိန်းချုပ်နိုင်သည့် ၂၀၂၄ဇန်နဝါရီလမှစတင်ကာ တိုက်ပွဲတစ်စုံရာမရှိခဲ့ရာ ၎င်းလေ ကြောင်း တိုက်ခိုက်မှုများသည် စုစည်းလက်တုံ့ပြန်အပြစ်ပေးခြင်းဖြစ်သည်ကို ရှင်းလင်းစွာညွှန်ပြနေသည်။

သိန္နီမြို့အတွင်း လေကြောင်းတိုက်ခိုက်မှုများသည် လားရှိုးမြို့ကို ၂၀၁၇ စစ်ဆင်ရေးဒုတိယပိုင်းအဖြစ် MNDAA နှင့် ၎င်း မဟာမိတ်တပ်ဖွဲ့များလားရှိုးမြို့ကို စတင်တိုက်ခိုက်သည့် ဇူလိုင်လ ၃ရက်နေ့တွင်စတင်ခဲ့ပြီး စစ်ကောင်စီ လေ ယာဉ်များမှ သိန္နီမြို့ရဲစခန်းအနီးသို့ ပေါင် ၅၀၀ ဗုံး ၃ လုံးကြဲချ ခဲ့ရာ အရပ်သားနေအိမ် ၁၀လုံးခန့်ပျက်စီး ခဲ့သည်။

ထို့နောက်ရက်အနည်းငယ်အတွင်း စစ်ကောင်စီတပ်မှ သိန္နီမြို့ပေါ်နှင့်အနီးတစ်ဝိုက်ကျေးရွာများကို နောက်ထပ် ၆ ကြိမ်ဗုံးကြဲတိုက်ခိုက်ခဲ့ရာ သိန္နီမြို့အနောက်တောင်ဘက်၁၀ကီလိုမီတာကွာဝေးသောမိုင်းလီ ကျေးရွာလဲအပါ အ ဝင် ဖြစ်သည်။ အထိအခိုက်အများဆုံးဖြစ်စဉ်မှာ ဇူလိုင်လ ၁၈ ရက်နေ့က သိန္နီမြို့မဈေးထဲသို့ပေါင် ၅၀၀ ဗုံးကျ ရောက် သည့်ဖြစ်စဉ်ဖြစ်ပြီး အရပ်သား ၁၀ ဦးသေဆုံးကာ ၂၀ ဦးဒဏ်ရာရခဲ့သည်။အချို့ခန္ဓာကိုယ်အစိတ်အပိုင်း များ မှာ အပိုင်းပိုင်းပြတ်တောက်သွားခဲ့သည်။ဒဏ်ရာရသူများမှ ကွတ်ခိုင်နှင့် ချင်းရွှေဟော်ဆေးရုံတို့တွင် ဆေးကုသ မှုခံ ယူနေသည်။

ဇူလိုင်လ ၂၅ရက် နေ့တွင်ကြဲချသောလေကြောင်းဗုံးသည် သိန္နီမြို့ ရပ်ကွက် ၂တွင် ကြီးမားသောတွင်း ပေါက်ကြီး ကိုဖြစ်စေခဲ့ပြီး နေအိမ် ၁၀လုံးခန့်ပျက်စီးခဲ့သည်။ ဗုံးကြဲမှုကြောင့်ဖြစ်ပေါ်လာသောတွင်းပေါက်သည် ပေါင် ၅၀၀ ဗုံးကြောင့်ဖြစ်သည်ထက်ပိုမိုကြီးမားသည်




*စစ်ကောင်စီလေကြောင်းတိုက်ခိုက်မှုကြောင့်ပျက်စီးသွားသော ကျောင်းအဆောက်အဦး*



*စစ်ကောင်စီဗုံးကြောင့်ဖြစ်ပေါ်လာသော ရောမတွင်း ပေါက်ကြီး*

သိန္နီမြို့နယ်အတွင်းအရပ်သားများကိုထိခိုက်သေဆုံးစေသောလေကြောင်းတိုက်ခိုက်မှု (ဇူလိုင် ၃-၂၈,၂၀၂၄)



| သိန္နီမြို့နယ်အတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား ထိခိုက်သေဆုံးမှုအချက်အလက်များ | | | | | | | | |
|---|---|---|---|---|---|---|---|---|
| **စဥ်** | **ရက်စွဲ** | **ကျေးရွာ၊ ရပ်ကွက်** | **အကြောင်းအရာ** | **သေဆုံး** | | **ဒဏ်ရာရ** | | **ထိခိုက်ပျက်စီးမှု** |
| | | | | **အချက် အလက်** | **ဦးရေ** | **အချက် အလက်** | **ဦးရေ** | |
| ၁ | ၃.၇.၂၀၂၄ | ရပ်ကွက် ၂ ရဲစခန်းအနီး | တိုက်ပွဲမဖြစ်ဘဲစစ်ကောင်စီမှလေယာဥ်ဗုံးကြဲ | | | | | နေအိမ် ၁၂လုံးပျက်စီး |
| ၂ | ၄.၇.၂၀၂၄ | မိုင်းလီကျေး ရွာ အုပ်စု ရပ်ကွက် ၂ | တိုက်ပွဲမဖြစ်ဘဲစစ်ကောင်စီမှလေယာဥ်ဗုံးကြဲ | ၃၀ ဝန်းကျင် | ၁ | | | စာသင်ကျောင်း ၁ ပျက်စီးနေအိမ် ၁လုံး |
| ၃ | ၁၂.၇.၂၀၂၄ | ရပ်ကွက် ၁ ရပ်ကွက် ၂ ရပ်ကွက် ၃ | မနက် ၂ နာရီခန့်တွင် တိုက်ပွဲမဖြစ်ဘဲစစ် ကောင်စီမှ လေယာဥ်ဗုံးကြဲ | | | | | စာသင်ကျောင်း ၂ ကျောင်း ပညာရေးမှူး ရုံး ၁ |
| ၄ | ၁၃.၇.၂၀၂၄ | ပိန်းနန်း (ရပ်ကွက် ၄) | လေကြောင်းဗုံးကြဲ | | | | | နေအိမ် ၄ လုံးပျက်စီး |
| ၅ | ၁၈.၇.၂၀၂၄ | ရပ်ကွက် ၂ ရက်ကွက် ၁ | သိန္နီမြို့မဈေးအတွင်း လူစည်ကားနေချိန် ညနေ ၄နာရီခွဲခန့်တွင် လေကြောင်းမှဗုံးကြဲ | | ၁၀ | | ၂၀ | နေအိမ် ၁၀ လုံးဈေးဆိုင်ခန်းများပျက်စီး |
| ၆ | ၂၅.၇.၂၀၂၄ | ရပ်ကွက် ၂ | ညနေ၅နာရီခန့်တွင် စစ်ကောင်စီမှရောမဗုံးဆက်တိုက်ကြဲချ | | | | | နေအိမ် ၁၀ လုံးခန့်ပျက်စီဒ |
| ၇ | ၂၇.၇.၂၀၂၄ | ရပ်ကွက် ၄ | မနက် ၂ နာရီ ခန့်တွင် လေကြောင်းမှဗုံးကြဲ | မ-၅၈ နှစ် မ-၄နှစ် | ၂ | ကျား-၁ မ-၃ | ၄ | အိမ် ၄လုံး |
| | | | **စုစုပေါင်း** | | **၁၃** | | **၂၄** | **အနည်းဆုံး နေအိမ် ၄၃ လုံးပျက်စီး** |

**ဆက်သွယ်ရန်**

စိုင်းဟော်ရှဲန် 66 99 246 5673/ 66 94 728 6696 Signal (ရှမ်း, အင်္ဂလိပ်)

ယိင်းလျုန်းဟာန် 66 99 289 6080 Signal (မြန်မာ)